[redacted]

[redacted]

[redacted]

[

တရားအားထုတ်သော ဘုန်းကြီး၊ ရဟန်းတို့အား ကိုးကွယ်ရာ ဘုရားသခင်များအဖြစ်ပြုလုပ်ခဲ့ကြသည်။ ထိုသူတို့သည် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏ရှရီအသ်ပြဌာန်းချက်တို့နှင့် ဆန့်ကျင်ဘက် သတ်မှတ်ပြဌာန်းခဲ့ကြရာ ၎င်းတို့ကလည်းထိုအရာများကို နာခံခဲ့ကြသည်။ သာဝကကြီးသည် ထိုအာယသ်တော်၏ဆိုလိုရင်းကိုသဘောမပေါက်ဘဲဖြစ်နေခဲ့သည် အဘယ်ကြောင့်ဆိုသော် ခဝပ်ကိုးကွယ်မှုဟူသည် ဦးချခြင်းနှင့်အလားတူလုပ်ရပ်မျိုးဖြင့်သာ ကန့်သတ်ထားသည်ဟုသာ ထင်မှတ်နေခဲ့သည်။ထို့ကြောင့်ရစူလ်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က တရားဟောဆရာများနှင့်ဘုန်းကြီးရဟန်းတို့အား ခဝပ်ကိုးကွယ်ခြင်းဟူသည် ကြီးကျယ်မြင့်မားတော်မူသောအလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏အမိန့်ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ကာ ဟရာမ်ကို ဟလာလ်ဟူ၍လည်းကောင်း၊ ဟလာလ်ကိုဟရာမ်ဟူ၍လည်းကောင်း သတ်မှတ်ကြသည်ကို နာခံခြင်းဖြစ်သည်ဟုသူ့အားရှင်းပြတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/3384